# MSF-H ၏ လုပ်ငန်းဆောင်ရွက်မှုကို ယာယီဆိုင်းငံ့ထား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိ

## ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

နယ်စည်းမခြား ဆရာဝန်များအဖွဲ့-ဟော်လန် (Medicins Sans Frontiers-Holland) သည် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ၉-၇-၂၀၁၂ ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များမှာ ကောင်းမွန်သော်လည်း ၎င်းအဖွဲ့အစည်းတွင်ပါဝင်သည့် ဝန်ထမ်းအချို့၏အားနည်းချက်များကြောင့် ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများနှင့် မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာခဲ့၍ ရခိုင်ပြည်နယ်အတွင်းရှိ MSF-H ၏ လုပ်ငန်းဆောင်ရွက်မှုကို ယာယီဆိုင်းငံ့ထားခဲ့ရပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

◆ ကျောဖုံးမှ

ထိုကဲ့သို့ ယာယီဆိုင်းငံ့ထားစဉ်ကာလအတွင်း MSF-H ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် လောလောဆယ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကြားကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပိုမိုအားဖြည့်စီမံကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကုလသမဂ္ဂကလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုအခြေအနေအရ MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို ယာယီဆိုင်းငံ့ထားရခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် MSF-H နှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို အခြေအနေပေးသည်နှင့်အမျှ ပြန်လည်ခွင့်ပြုပေးသွားရန် MSF-H နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (The Global Fund) ၏ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန